မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါရှင်တန်ပို့စ်မှ အကြီးတန်းအယ်ဒီတာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်)

ကြိုးဝိုင်းအပြင်ဘက်က ပြိုင်ပွဲများ

လူ့လောကတွင် စိန်ခေါ်၍ ယှဉ်ပြိုင်သောပြိုင်ပွဲနှင့် စိန်မခေါ်ဘဲ ယှဉ်ပြိုင်သောပြိုင်ပွဲဟူ၍ နှစ်မျိုးရှိသည်။ စိန်ခေါ်၍ပြိုင်သောပြိုင်ပွဲကို ကြိုးဝိုင်းအတွင်းက ပြိုင်ပွဲဟုဆိုလျှင် စိန်မခေါ်ဘဲ ယှဉ်ပြိုင်သောပြိုင်ပွဲများကို ကြိုးဝိုင်းအပြင်ဘက်က ပြိုင်ပွဲဟု ဆိုချင်သည်။

လူတိုင်းသည် နေ့စဉ်ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်နေကြသည်။ ၎င်းကို လူတိုင်းသတိမထားမိကြ။ဤသတ္တလောကတွင် ပြိုင်ပွဲများစွာရှိရာ ပြိုင်ရမည့်ပြိုင်ပွဲများရှိသလို မပြိုင်ရမည့်ပြိုင်ပွဲများလည်းရှိ၏။ ပြိုင်ရမည့်ပြိုင်ပွဲများ ပြိုင်ကြခြင်းကြောင့် လောကီ၊ လောကုတ် နှစ်ဖြာသောအကျိုးကို ဖြစ်ထွန်းစေ၏။ မပြိုင်ရမည့်ပြိုင်ပွဲများပြိုင်ခြင်းကြောင့် ဆုတ်ယုတ်မှုကိုဖြစ်စေ၏။ အချိန်ကို အကျိုးမဲ့ ဖြုန်းတီးရာရောက်၏။

ကြိုးဝိုင်းအပြင်ဘက်က ပြိုင်ဆိုင်မှုများတွင် ကောင်းသောကိစ္စများ ပြိုင်ဆိုင်ခြင်းနှင့် မကောင်းသောကိစ္စများ ပြိုင်ဆိုင်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ သူတစ်ပါးက လမ်းပေါ်တွင် အမှိုက်ပစ်ရာ မိမိကလိုက်၍ပစ်ခြင်းသည် ကောင်းသောကိစ္စမဟုတ်။ ထို့ပြင် သတ်မှတ်မိုင်နှုန်းထက်ကျော်ကာ မော်တော်ယာဉ်ကို တုပြိုင်၍ မိုင်နှုန်းမြှင့် မောင်းနှင်ခြင်းသည်လည်း ကောင်းသည့်ကိစ္စမဟုတ်။ အလားတူ အများက ဆေးလိပ်သောက်သဖြင့် လိုက်၍သောက်ခြင်းသည်လည်း ကောင်းသည့်ကိစ္စမဟုတ်။ ထိုမဟုတ်သော ကိစ္စများကို လိုက်၍တုပယှဉ်ပြိုင်နေလျှင် မယှဉ်ပြိုင်မီကပင် မိမိဘဝကျရှုံးနေပြီကို သတိချပ်သင့်သည်။

ကြိုးဝိုင်းအပြင်ဘက်က ပြိုင်ပွဲများတွင် အခြားသောအကျိုးမဲ့ပြိုင်ပွဲများစွာ ရှိသေး၏။ အချို့က ဂုဏ်ချင်းပြိုင်ကြ၏။ အချို့က မာနချင်း၊ အချို့က အလှချင်း၊ အချို့မှာမူ ချမ်းသာမှုချင်း စသည်ဖြင့် ပြိုင်ဆိုင်နေကြ၏။ ထိုမပြိုင်သင့်သည့် ပြိုင်ပွဲများ ပြိုင်ဆိုင်ကြခြင်းကြောင့် အကျိုးထက် အဆိုးကိုဖြစ်စေ၏။

အမှန်စင်စစ် ကျွန်ုပ်တို့ ပြိုင်ရမည့်ပြိုင်ပွဲများသည် ထိုပြိုင်ပွဲများမဟုတ်။ အလုပ်လုပ်နိုင်စွမ်းကို ပြိုင်ဆိုင်ခြင်း၊ စီးပွားရေးတိုးတက်မှုကို ပြိုင်ဆိုင်ခြင်း၊ ပညာတတ်မြောက်မှုကို ပြိုင်ဆိုင်ခြင်း၊ စည်းကမ်းရှိမှုကို ပြိုင်ဆိုင်ခြင်း၊ အသုံးအဖြုန်းနှင့် အပျော်အပါးတို့ လျှော့ချခြင်းကို ပြိုင်ဆိုင်ခြင်း၊ လူ့ဘောင်ကောင်းကျိုး လုပ်ကိုင်ခြင်းဖြင့် ပြိုင်ဆိုင်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းကို ပြိုင်ဆိုင်ခြင်း စသည့် ကောင်းသောပြိုင်ဆိုင်မှု၊ ကောင်းသောယှဉ်ပြိုင်မှုတို့ကို ပြိုင်ဆိုင်သင့်၏။

အဆိုပါ ပြိုင်ပွဲများကို ယှဉ်ပြိုင်မည်ဆိုလျှင် မယှဉ်ပြိုင်မီကပင် ကောင်းသောယှဉ်ပြိုင်မှုကို ယှဉ်ပြိုင်မည်ဟူသော စိတ်ဓာတ်ကြောင့်လည်းကောင်း၊ မဆုတ်မနစ် ကြိုးစားမည်ဟူသော ဓွဲ၊ လုံ့လ၊ ဝီရိယအားတို့ကြောင့်လည်းကောင်း အောင်ပွဲကိုရရန်ကား နီးစပ်လှသည်။ ပြိုင်သင့်ပြိုင်ထိုက်သော ပြိုင်ပွဲများပြိုင်ခြင်းဖြင့် မိမိအတွက် အကျိုးရှိနိုင်သလို အများအတွက်လည်း ကောင်းကျိုးကို ဆောင်ကြဉ်းနိုင်၏။

အလုပ်လုပ်နိုင်စွမ်းကို ပြိုင်သဖြင့် စီးပွားတိုးတက်နိုင်၏။ စီးပွားရေးတိုးတက်မှုကိုပြိုင်လျှင် ချမ်းသာလာနိုင်၏။ ပညာတတ်မြောက်မှုကိုပြိုင်သဖြင့် ပညာတတ်အကျော်အမော်ဖြစ်နိုင်၏။ စည်းကမ်းရှိမှုကို ပြိုင်ဆိုင်သဖြင့် ကြီးပွားတိုးတက်နိုင်၏။ အသုံးအဖြုန်းနှင့် အပျော်အပါးတို့ လျှော့ချခြင်းကို ပြိုင်ဆိုင်သဖြင့် စီးပွားဉစ္စာများ တိုးပွားနိုင်၏။ လူမှုရေးအလုပ်တို့တွင် အပြိုင်အဆိုင်လုပ်ကြသဖြင့် လူ့ဘောင်တစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောလာနိုင်၏။ ချွေတာစုဆောင်းနိုင်မှုကို ပြိုင်ကြသဖြင့် မကြာမီ သူကြွယ်ဖြစ်လာနိုင်၏။

သို့ဖြစ်၍ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဆိုသည့် စကားကဲ့သို့ မိမိအတွက်လည်း အကျိုးရှိ၊ အများအတွက်လည်း အကျိုးရှိစေမည့် ပြိုင်ပွဲများကိုသာ ပြိုင်ဆိုင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။ ။

ဒေးဒရဲမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

ဒေးဒရဲ ဇန်နဝါရီ ၁၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကုန်းတန်းကလေး-သဲကုန်း-တညင်းကုန်းကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။
(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

ရေဦး ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မီးဘေးကာကွယ်ရေးစီမံချက်အရ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ချစ်သိန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ရဲကျော်သူ၊ ရဲဗလ၊ မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲက ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်၏ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၇)၌ မီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းကို ဆိုင်မန်နေဂျာနှင့်ဝန်ထမ်းများအား သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၃၄)

တွဲဖက်အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းဆောင်သစ် မကွေးမြို့နယ်၌ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မကွေး ဇန်နဝါရီ ၁၇

မကွေးမြို့နယ် ဂျတ်ကုန်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်တို့က အဆိုပါ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက မူလတန်းကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်က ကျောင်းအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူး ဦးမြထွတ်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်များမှာ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ကျော်ကုန်ကျပြီး အလျားပေ ၁၂၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ စပါးစံကွက်ရိတ်သိမ်း

မင်းတပ် ဇန်နဝါရီ ၁၇

ချင်းပြည်နယ် မင်းတပ်မြို့နယ် လာလောင်းထွီးအုပ်စု တောင်သူဦးဟုန်းထန်း၏ သိပ္ပံနည်းကျစိုက်ပျိုးထားသည့် မနောသုခမျိုးစပါးစိုက်ခင်းတွင် ဒီဇင်ဘာ ၁၆ ရက်က စပါးစံကွက်ရိတ်သိမ်းကြသည်။

စပါးစံကွက်ရိတ်သိမ်းပွဲတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေအောင်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစန်းတင့်ဦး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေးနှင့်တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ရိတ်သိမ်းကြရာ တစ်ဧက စပါးအခြောက်တင်း ၁၁၈ ဒသမ ၃၃ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (၁၀၁)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း လှိုင်လင်၌ ဟောပြော

လှိုင်လင် ဇန်နဝါရီ ၁၇

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(လှိုင်လင်)၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်က ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ)နှင့်နည်းပညာတက္ကသိုလ်(ပင်လုံ) တို့၌ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဇော်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်လုံ) ကျောင်းအုပ်ကြီး ဒေါ်အေးနွဲ့စံနှင့် နည်းပညာတက္ကသိုလ်(ပင်လုံ) ကျောင်းအုပ်ကြီး ဒေါက်တာပန်သူထွန်းတို့က အမှာစကားပြောကြားကြပြီး ကညန ခရိုင်ရုံး (လှိုင်လင်)မှ ခရိုင်ဦးစီးမှူး ဦးချစ်တင်၊ ကညနပြည်နယ်ရုံး (တောင်ကြီး)မှ စစ်ဆေးရေးမှူး-၂ ဦးဇော်ကိုကိုဖေ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မျိုးထက်နှင့် မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး တွဲဖက်အတွင်းရေးမှူး တပ်ကြပ်ကြီး ကျော်အေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောကြသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်များအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ကညန)

(၁၉)ကြိမ်မြောက် ဆွမ်းလောင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဇင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမှတ်တင်နှင့် ဆွမ်းအောင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၅၁)

လပွတ္တာမြို့နယ် လတာချောင်းကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်အခမ်းအနားကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၇

လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာအုပ်စု လတာချောင်းကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင် အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြစ်ပေါက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းမြင့်၊ စာကြည့်တိုက်ကော်မတီဝင် ဦးမောင်ကြိုင်နှင့်တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်းက နိုင်ငံတော်မတည်ငွေကို ကျေးရွာအုပ်ချုပ်ရေးမှူးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ကျိုက်လတ်မြို့နယ်၌ စိုက်ပျိုး

ကျိုက်လတ် ဇန်နဝါရီ ၁၇

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာရှိ တောင်သူဦးအောင်မျိုး၏လယ်မြေတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး နေ့ချင်းပြီး ပျိုးနုတ်ကောက်စိုက် လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်ဝင်းနှင့် မြို့နယ်မန်နေဂျာ ဦးတင်မောင်ဦးတို့က အထူးအထွက်တိုးစပ်မျိုးစပါး (ပုလဲသွယ်) စိုက်ပျိုးရခြင်း ရည်ရွယ်ချက်နှင့်(GAP) စနစ်ကို လိုက်နာကျင့်သုံးပါက တင်း ၂၀၀ အထက်ထွက်ရှိနိုင်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။အဆိုပါ သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးနှင့် မြေစာရင်းဝန်ထမ်းများ၊ တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒလမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အနောက်ကျောင်းတိုက်တွင် ၁၃၇၃ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်(ပြာသိုလပြည့်) စာပေဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် ည ၇ နာရီက ၎င်းကျောင်းတိုက် နွယ်နီရတနာဗိမာန်ဓမ္မာရုံခန်းမ၌ ကျင်းပရာ စာပေဟောပြောပွဲတွင် စာရေးဆရာ ကိုရွှေအောင်သင်းက အမေ့ထဘီ၊ ဆရာမောင်နန်းဦး (မြန်မာစာ)က ကျွန်တော်၏ ရင်ဘတ်တွင် စွဲငြိဦးညွတ်မိသော အမေများ၊ ဆရာမကြီး ရွှေကူမေနှင်းက မိဘမေတ္တာ ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (၁၅၁)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် အထက်လွှတ်တော်အမတ် **Mr. Addison Mitchell Mc Connell** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နှစ်နိုင်ငံကြား ယဉ်ကျေးမှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိစ္စ သတင်းနှင့်ပြန်ကြားရေးကဏ္ဍ ဆောင်ရွက်မည့်အလားအလာများအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး ပြင်သစ်နိုင်ငံဘက်မှ ဆောင်ရွက်နိုင်မည့် အလားအလာများ ဆက်လက်လေ့လာသွားရန်ညှိနှိုင်း

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း အား ပြင်သစ်သမ္မတနိုင်ငံ အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေး သံတမန် H.E. Mr. Jacques Valade ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်သမ္မတနိုင်ငံ အာရှဒေသပူးပေါင်း ဆောင်ရွက်ရေး သံတမန် (Ambassador at large for cooperation in Asia) H. E. Mr. Jacques Valade ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီခွဲတွင်နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ် နေရာများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြတိုက်များ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန လက်အောက်ခံဌာနများတွင် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းနှင့် ပညာတော်သင်ဆုများ ချီးမြှင့်ခြင်း၊ နှစ်နိုင်ငံကြား ယဉ်ကျေးမှုကဏ္ဍပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိစ္စများနှင့် သတင်းနှင့်ပြန်ကြားရေးကဏ္ဍတွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ ဆွေးနွေးရာတွင် ပြင်သစ်နိုင်ငံမှ ပုဂံနှင့် အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၌ အကူအညီပေးရန်၊ နေပြည်တော်တွင် တည်ဆောက်နေသည့် အမျိုးသားပြတိုက်အတွက် နည်းပညာနှင့် အတတ်ပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်နှင့် ကျန်ကဏ္ဍများ၌ ပြင်သစ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆက်လက်လေ့လာသွားရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်ဝင်းရှိ သဒ္ဓမ္မဝါစီဟာသ်ာတ ပရိယတ္တိစာသင်တိုက် ပြုပြင်မွမ်းမံရန် အလှူငွေကျပ် သိန်း ၉၀ ကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမို) သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေးမောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့်တူမ ဒေါ်အေးအေးမော်တို့က ဇန်နဝါရီ ၁၄ရက်တွင် လှူဒါန်းခဲ့ရာ သာသနာ့နုဂ္ဂဟ သဟပုညကာရီအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

လေရှီးမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့် ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့တက်ရောက်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် လေရှီးမြို့နယ် တောင်တန်းသာသနာပြု ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဒဿန အမှူးပြုသော လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး လေရှီးမြို့နယ် တောင်တန်းသာသနာပြု ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန လက်ထောက်ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့က ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဒဿနထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် တောင်တန်းသာသနာပြုလုပ်ငန်းများအတွက် အလှူတော်ငွေများကို ယခုခရီးစဉ်အတွင်း လှူဒါန်းပေးခဲ့ပါကြောင်း ပဓာနနာယက ဆရာတော်ထံ လျှောက်ထားသည်။

ယင်းနောက် ဗဟိုဌာနလက်ထောက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံမှ ဩဝဒပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ နှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး ပဏာမဆောင်ရွက်ရန် သဘောတူညီချက်(၁၁)ချက်ကို လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS / SSA ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ စီးပွားရေးနှင့်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေးကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး တောင်ကြီးမြို့၌ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဇော်မင်းအေး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းမြင့်နှင့် RCSS / SSA ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ဦးစိုင်းဘောင်ခေး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက စီးပွားရေးကဏ္ဍ အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အခြေပြုနေထိုင်ရန် နယ်မြေပိုင်းခြား သတ်မှတ်ရေးနှင့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်မည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးစိုင်းဘောင်ခေးက အခြေပြုနေထိုင်ရန် နယ်မြေပိုင်းခြားသတ်မှတ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့သည် ပဏာမဆောင်ရွက်ရန် သဘောတူညီချက်(၁၁)ချက်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေး ရေးအဖွဲ့ခေါင်းဆောင် ဦးစိုင်းဘောင်ခေး တို့သည် သဘောတူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး **(အောက်ပုံ)** အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **မိုက်မဲမှုကြောင့် ဆင်းရဲမှုဖြစ်ရသည်** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၃)
- ၈:၄၅ The Shop Around The Corner (Part-2)
- ၈:၅၅ Life & Dance 10th Anniversary Dance Concert (Part-2)
- ၉:၄၀ **ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်း၏ဒုတိယခြေလှမ်း**
- ၉:၅၅ ရန်ကုန်မြင်ကွင်းကျယ် (The Excellent Yangon Expo 2012)
- ၁၀:၁၅ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မြတ်ဆရာပူဇော်ပွဲ (လေးမျက်နှာမြို့)
- ၁၀:၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဇော်ကိုကို-ဒါရိုက်တာ) (အပိုင်း-၁)
- ၁၀:၅၅ သဒ္ဓါကြည်ဖြူကုသိုလ်ယူ ဖန်ခါးမြေမှသိမ်ကျောင်းအလှူ
- ၁၁:၀၅ အမေများပျော်တဲ့နေ့
- ၁၁:၁၅ **ပညာဒါနလင်းလက်စေရာ**

အလက(၁၄) အောင်မြေသာစံ မြို့နယ်မှာ

- ၁၁:၃၅ ပိုမိုတောက်ပသန့်ရှင်းစေမည့် KANSAI PAINT
- ၁၁:၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၈)
- ၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (အထက(၄)အလုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ)
- ၁၂:၃၅ ဖန်သားရုပ်မြင်စာဆိုသဘင် **ကော်ပိုရေးရှင်းများ၏ လူမှုရေးတာဝန်ယူမှုအပိုင်း ပိုတိုးတက်လာစေရေးတွေ မီဒီယာ၏အခန်းကဏ္ဍ** (ငွေသော်တာ)
- ၁:၀၀ **မိုက်မဲမှုကြောင့် ဆင်းရဲမှုဖြစ်ရသည်** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Yangon Media Group 7th Anniversary)
- ၂:၃၀ HIGH CLASS၏ Happy New Year Eve Party (Inya Lake Hotel)
- ၂:၅၀ ထားဝယ်အသင်း၏ ရာပြည့်မှတ်တိုင် ခရီးဆီသို့
- ၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၀)
- ၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၃)
- ၄:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Megasteel Industries Ltd.) (၁၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား
- ၅:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၈)
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၁)
- ၇:၁၅ Life & Dance 10th Anniversary Dance Concert (Part-3)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ New Star Gems & Jewellery Show (Part-1)
- ၉:၂၀ The Shop Around The Corner (Part-3)
- ၉:၃၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၄)
- ၁၀:၁၅ Celebrity Style (ဇေဇေ)
- ၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၉)
- ၁၁:၂၀ အလှဂုဏ်ဆောင်လူကြိုက်များ မြန်မာ့ဂုဏ်ရောင် မင်းဟန်ကျောက်စိမ်းပြား
- ၁၁:၃၅ World of Knowledge (Planet Mechanics)
- ၁၂:၂၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁၂:၄၀ လှပချစ်စရာ လက်မှုအနုပညာ (Love Flower)
- ၁:၀၅ ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၁:၁၅ Box Office Movies (300)
- ၁:၄၅ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
- ၂:၀၅ ပြီးပြည့်စုံသော ကျန်းမာခြင်းများနှင့်...
- ၂:၁၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၂:၄၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၂:၅၀ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ (ကောင်းခန့်၊ ဟေမာန်အောင်အောင်)
- ၂:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃:၅၅ ငြိမ်းချမ်းခြင်းသရုပ်... အေးချမ်းမှုအလှ
- ၄:၁၅ ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
- ၄:၃၅ ပရအကျိုးသယ်ပိုးနေမည် မေတ္တာဝါဒီ
- ၄:၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
အမေရိကန်အထက်လွှတ်တော်အမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-အမေရိကန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်၍တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ မကြာမီကျင်းပသွားမည့် အခြေအနေ၊ လွှတ်တော်အနေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဥပဒေကြမ်းများရေးဆွဲနေမှု၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် နိုင်ငံရေးမူဝါဒလမ်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းနှီးပွင့်လင်းစွာပြောကြားသည်။

အမေရိကန်အထက်လွှတ်တော်အမတ်ကလည်း မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင် ပြောင်းလဲမှုကို ကြိုဆိုကြောင်းနှင့် အသိအမှတ်ပြုပါကြောင်း၊ လွှတ်တော်ကဖော်ဆောင်နေသည့်လုပ်ငန်းများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာ-အမေရိကန် လွှတ်တော်နှစ်ရပ် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့တို့၏ သဘောထားကြီးမားသည့် လုပ်ဆောင်ချက်များကိုလည်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ဒီမိုကရေစီလမ်းစဉ်အား မိမိတို့ယုံကြည်ပါကြောင်းဖြင့် ရှင်းနှီးခင်မင်စွာ ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား
အမေရိကန်အထက်လွှတ်တော်အမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ရန်ကုန်မြို့ အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ဓမ္မနုဂ္ဂဟဓမ္မကဋ္ဌာ (ရွှေယမင်းဦး၊တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိမ်းလှမော်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၃၀ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ **အသိစိတ်ကလေး အရင်းတည်၍**
- ၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၄၀ ၅။ အဆိုပြိုင်ပွဲ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ သီချင်းကြီးပဒေသာ
- ၅:၂၀ ၉။ **ရတနာပုံ ဖန်ပြွန်အလင်းမျှင် ဝိုင်ယာကြိုးစက်ရုံ**
- ၅:၃၀ ၁၀။ ဂီတအလှသံစဉ်
- ၅:၄၀ ၁၁။ International Science News
- ၅:၅၀ ၁၂။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၃။ ညနေခင်းသတင်း
- ၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၄၀ ၁၆။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၇။ တေးဂီတအစီအစဉ်
- ၇:၁၀ ၁၈။ ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့
- ၇:၂၅ ၁၉။ စန္ဒရားကွန်းဇော်တေးဂီတ တင်ဆက်မှုအစီအစဉ် (အပိုင်း-၄)
- ၈:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၅)
- ၂၅။ ရန်ကုန်တိုင်းဒေသကြီး၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဗဟုသုတစိမ်းပဟေဠိပြိုင်ပွဲ (အထက်တန်းအဆင့်)
- ၂၆။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီးမှ မအူပင်မြို့သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည့်
အရှည် မိုင် ၃၀၊ ၁ ဖာလုံရှိ တွံတေး-မအူပင်ကတ္တရာလမ်းသစ်ကြီး မကြာမီ ဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၁၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးဘက်အပိုင်းရှိ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မဏ္ဍပ်နှင့်မုခ်ဦးနေရာတို့၌ ကတ္တရာလမ်းဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တွံတေး-မအူပင် ကားလမ်းပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ်အမျိုးအစား အရှည် ၂၃၂ ပေရှိ ဇီးဖြူကုန်းတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်ထွန်းချောင်းတံတားသို့ရောက်ရှိပြီး တံတားအောက်နှင့် ကားလမ်းဘေးချောင်းအတွင်းမှ ဖြတ်သန်းသွားလာ မောင်းနှင်နေသော စက်တပ်ရေယာဉ်များ သွားလာမှုကြောင့် တံတား၏ကမ်းကပ်ခုံများ၊ လမ်းသားများ ရေတိုက်စား ပျက်စီးနိုင်သည့်အတွက် လိုအပ်သည်များ ကြိုတင်ကာကွယ်ဆောင်ရွက်ထားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်ဘက်အပိုင်းရှိ မအူပင်လမ်းဆုံနေရာ အပြီးသတ်ကတ္တရာခင်းနေမှုနှင့် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကျင်းပမည့် မုခ်ဦးနှင့်မဏ္ဍပ်နေရာတို့၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အရှည်မိုင် ၃၀၊ ၁ ဖာလုံရှိ တွံတေး-မအူပင် ကတ္တရာလမ်းသစ်ကြီးကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ လမ်းအား ဖွင့်လှစ်ပြီးပါက ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တွံတေး-မအူပင် လမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

ငါန်းဇွန် ဇန်နဝါရီ ၁၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ငါန်းဇွန်မြို့နယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ငါန်းဇွန်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံတွင် တရားဝင်ခရီးရောက်ရှိနေသည့် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့်နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှအရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ်နှင့်အတူ အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အစည်းအဝေးကျင်းပ

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရုံးအဖွဲ့မှူး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့်ရုံးခွဲများမှ သာသနာရေးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လူဦးရေ စာရင်းဇယားကောက်ယူခြင်းလုပ်ငန်း အမျိုးသားရေးတာဝန်အဖြစ်ခံယူ အစိုးရဌာနအဖွဲ့အစည်းများ ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုး

ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အစည်းအဝေး (၁/၂၀၁၂) ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အစည်းအဝေး (၁/၂၀၁၂)ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကော်မရှင်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ၂၀၁၄ခုနှစ်တွင် ကျင်းပမည့် လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို နိုင်ငံတော်အစိုးရက ၂၂-၁၂-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၅၉/၂၀၁၁)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းကို ၁၉၈၃ခုနှစ်က နောက်ဆုံးကောက်ယူဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းကာလများတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နမူနာ ကောက်ကွက်များသတ်မှတ်ကာ ကောက်ယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းမှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံစာရင်းအင်း ကိန်းဂဏန်းများရရှိစေရန်၊ စီမံကိန်းများရေးဆွဲရာတွင် ပိုမိုတိကျမှုရှိစေရေးအတွက် ခိုင်လုံသော ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်ရန် ဖြစ်ရာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စု လူဦးရေသန်းခေါင်စာရင်း ကော်မတီစသည်ဖြင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစုထုတ်ပြန်ခြင်းစသည့် လုပ်ငန်းကြီး(၄)ရပ် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခု ဗဟိုသန်းခေါင်စာရင်းကော်မရှင် အစည်းအဝေးသည် ပထမဆုံးအကြိမ်ဖြစ်၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်လျက်ရှိသည့် လူဦးရေ စာရင်းဇယား ကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ကော်မရှင်၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် ပါဝင်သည့် ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် သန်းခေါင်စာရင်းမှရရှိနိုင်သော အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးကူညီ

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင်များက ဌာနအလိုက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဖြည့်စွက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၄ ရက်က အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီအခမ်းအနား ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရရှိသော မောင်ရဲစည်သူလွင်အား လှိုင်မြို့နယ် ပညာရေးမှူး ဦးထန်ရှင်းမုန် ဆုချီးမြှင့်စဉ်။ (၁၂၂)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပြည်တွင်းလေယာဉ်ခရီးစဉ်သစ် ပျံသန်းပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ယခုနှစ်ခရီးသွားရာသီတွင် နိုင်ငံခြားသားခရီးသွားများ များပြားလာသည့်အပြင် ပြည်တွင်းလေယာဉ်စီး ခရီးသည်များပါ များပြားလာသည့်အတွက် ခရီးစဉ်များ တိုးချဲ့ရန်လိုအပ်လာသဖြင့် မြန်မာ့လေကြောင်းနှင့် ဆန်းဖား (SUN FAR) ခရီးသွားလုပ်ငန်းတို့၏ အစီအစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက်မှစ၍ ပြည်တွင်းလေယာဉ်ခရီးစဉ်သစ်များကို စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ခရီးစဉ်များအဖြစ် ရန်ကုန်မှ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင်လည်းကောင်း၊ မန္တလေးမှဟဲဟိုး၊ လားရှိုး၊ ကျိုင်းတုံနှင့်တာချီလိတ်မြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးခရီးစဉ်ကို တစ်ရက်ခြားစီ ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ပြည်တွင်းလေယာဉ်ခရီးစဉ်သစ်၏ ထူးခြားချက်မှာ ဝန်ဆောင်မှုအဆင့်မြှင့်တင်ထားခြင်း၊ လေယာဉ်လက်မှတ်များကို လွတ်လပ်စွာ ကြိုတင်ဝယ်ယူနိုင်ခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများနည်းတူ လေယာဉ်ပေါ်တွင် အစားအစာများကို စီစဉ်ပေးထားခြင်းတို့အပြင် အထူးဝန်ဆောင်မှုအနေဖြင့် တာချီလိတ်မြို့သို့ ကြာသပတေး၊ သောကြာနေ့များတွင်သာ ခရီးသွားလိုသူခရီးသည်များအတွက် ကျိုင်းတုံမြို့အထိလေယာဉ်ဖြင့်ပို့ဆောင်ပေးပြီး ကျိုင်းတုံမှတာချီလိတ်သို့ အဲယားကွန်းဘတ်(စ်)များ အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ အထူးCharter ခရီးစဉ်များ ဖြစ်သည့်အတွက် လေယာဉ်ထွက်ခွာချိန်နှင့် ဆိုက်ရောက်ချိန်လည်း တိကျမည်ဖြစ်ကြောင်းနှင့် အဆိုပါ ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို ရန်ကုန်မြို့ရှိ ဆန်းဖား ခရီးသွားလုပ်ငန်းရုံးချုပ်နှင့် နယ်မြို့များရှိ ရုံးခွဲတို့တွင် လွတ်လပ်စွာ ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(ရီရီမြင့်-သတင်းစဉ်)**

မြန်မာ-အီတလီနှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် သတင်းမီဒီယာလုပ်ငန်းများ ပူးပေါင်းမြှင့်တင်

သရေခေတ္တရာ ပျူမြို့ဟောင်းနှင့် ဗုဒ္ဓသာသနိကအဆောက်အအုံများတည်ရှိရာ ပုဂံဒေသတို့၌ ယူနက်စကိုပါဝင်မှုဖြင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်အဖွဲ့က ကာကွယ်ထိန်းသိမ်းမှုဆောင်ရွက်မည် လုပ်ငန်းစီမံချက်အတွက် အီတလီအစိုးရက ဥရောပသုံးငွေကြေး ယူရို (၄၀၀၀၀၀) ထောက်ပံ့မည်ဖြစ်

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Paolo Andera Bartorelli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Paolo Andera Bartorelli သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် **မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် သတင်းမီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် သတင်းအချက်အလက်နှင့် နည်းပညာများဖလှယ်ရေး စသည့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်**ဆွေးနွေးကြသည်။

ထောက်ပံ့မည်

ယူနက်စကိုအဖွဲ့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအခန်းကဏ္ဍ၌ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်မှုအတွက် လုပ်ငန်းစွမ်းရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်သည့် လုပ်ငန်းစီမံချက်ကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ လုပ်ငန်းစီမံချက်အတွက် အီတလီအစိုးရက ဥရောပသုံးငွေကြေး (ယူရို ၄၀၀၀၀၀) ထောက်ပံ့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးပါထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများဖြစ်သော ရှေးပျူတို့ အခြေချနေထိုင်ခဲ့သည့် သရေခေတ္တရာ ပျူမြို့ဟောင်းနှင့် ကမ္ဘာပေါ်တွင် သမိုင်းတန်ဖိုးနှင့် အနုပညာလက်ရာတန်ဖိုး ကြီးကျယ်ခမ်းနားသော ဗုဒ္ဓသာသနိကအဆောက်အအုံများ တည်ရှိရာ ပုဂံဒေသတို့၌ ယူနက်စကိုအဖွဲ့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်အဖွဲ့က ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်သည်။ လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများ ကာကွယ်ထိန်းသိမ်းမှုနှင့်အတူ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ အသိအမြင် ပိုမိုတိုးတက်ရေးပင်ဖြစ်သည်။

၎င်းလုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ ပူးပေါင်းပါဝင်လက်ခံဆောင်ရွက်မှုဖြင့် ၁၂ လကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကြွယ်ဝလှသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းခြင်းသည် လုပ်ငန်းပမာဏ ကြီးမားသည်နှင့်အညီ သတိကြီးစွာဖြင့် စေ့စပ်သေချာစွာ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သို့သော် အနာဂတ်အတွက် အမှန်တကယ်ဆောင်ရွက်ရမည့် အရေးပါသော လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ယခု လုပ်ငန်းစီမံချက်သည် အရေးပါသည့် ကြီးမားသော ခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်းဖြင့် ယူနက်စကိုအဖွဲ့၏ ယဉ်ကျေးမှုဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မစ္စတာဖရန်စစ်ကို ဘန်ဒါရင်း (Mr. Francesco Bandarin) က အကြံပြုပြောကြားခဲ့သည်။

အီတလီအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်မည့် အဆိုပါလုပ်ငန်းစီမံချက်သည် ဆယ်စုနှစ်အတွင်း ယူနက်စကိုအဖွဲ့၏ မြန်မာ့ယဉ်ကျေးမှုကဏ္ဍအတွက် ပထမဆုံးစီမံချက်ဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်း၏ မူ၊ ဘောင်တို့နှင့်အညီ ဤလုပ်ငန်းစီမံချက်ကို ဦးစားပေးနယ်ပယ် (၃)ရပ်ဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် နည်းပညာအခြေပြုစနစ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းတည်ဆောက်ခြင်းနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းအမည်တင်သွင်းခြင်း လုပ်ငန်းစဉ်တို့၌ ပံ့ပိုးအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရေးကြိုးပမ်း

ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကိုဦးတည်သည့် ပညာရေးလုပ်ငန်းများဖော်ဆောင်

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၅)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၅၁၀ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်က အမှာစကား ပြောကြားရာတွင် လက်ရှိကျင့်သုံးနေသော အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လက်ရှိဖွင့်လှစ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်း မြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာ အဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီး စနစ်တကျ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပတွင် အဆင့်မြင့်ပညာများကို သင်ယူလေ့လာနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အထူးတောင့်တင်းခိုင်မာရန်လိုအပ်နေသော နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့အတွက် ဖြည့်ဆည်းပေးနိုင်မည့် ကျန်းမာသန်စွမ်းပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရန်၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ယခုလိုအခါသမယတွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျရာ ပညာရေးကဏ္ဍမှ တစ်တပ်တစ်အား ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိတ်ပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ သာမက ကိုယ်ကာယရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားတို့ကိုပါ တွဲဖက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများထဲမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များ ပေါ်ထွန်းလာအောင် မြေတောင်မြှောက် ပြုစုပျိုးထောင်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအတွက် ပံ့ပိုးထောက်ပံ့ပေးနိုင်သည်ကို ပံ့ပိုးထောက်ပံ့ပေးထားပြီးဖြစ်သော်လည်း လိုအပ်ချက်များ အားလုံးပြည့်စုံရန် မိဘဆရာအသင်းများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုကိုဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများ (လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများ) ကို ချမှတ်၊ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာတွင် အခြေခံပညာကဏ္ဍမှ ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များအား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံပြီး စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ လျှပ်တစ်ပြက်
၄း၂၅ ၇။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၀ ၉။ ရှေးဟောင်းသုတ
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၁၃၅)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ Mail Box
၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် **စူပါဟမ်းစတား** (အပိုင်း-၁၆)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **၄က်ကလေးရဲ့ကောင်းကင်** (အပိုင်း-၄၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **သံစဉ်များနဲ့ရွာ** (ဇာတ်သိမ်း) ကောင်းပြည့်၊ ရီရီပွင့်ဖြူ ဝင်းနိုင်၊ ရော၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)
၂၃။ အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **၄က်ကလေးရဲ့ကွန်းခိုရာ** (အပိုင်း-၁)
၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လေရှီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

✻ ကျော်ဖုံးမှ

အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ဆွမ္မရာသို့ ရောက်ရှိလာခြင်းမှာ ဤဒေသသည် ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအရ သွားလာဆက်သွယ်ရန် ခက်ခဲသည့် ဒေသတစ်ခုဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း။

ထို့ပြင် ဤဒေသမှာ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေသဖြင့် နှစ်နိုင်ငံဆက်ဆံဆက်သွယ်မှုများ အဆင်ပြေမှုရှိစေရန် လိုအပ်ကြောင်း၊ ဤဒေသ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆွမ္မရာကျေးရွာအုပ်စုထဲတွင် ကျန်ကျေးရွာအုပ်စုများ ပေါင်းစည်း၍ ဆွမ္မရာမြို့နယ်ခွဲအဆင့်တိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီးနောက် ဆွမ္မရာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းသို့ တိုးမြှင့်ရေး၊ ဆွမ္မရာ အခြေခံပညာအထက်တန်းကျောင်းကို ဝန်းရံလျက်ရှိသည့် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ တိုးမြှင့်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယသမ္မတနှင့်အတူ လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ခရီးစဉ်အတွင်း အဝေးရပ်မှ လာရောက်တာဝန်ထမ်းဆောင်နေကြရသည့် ဆရာ ဆရာမများ၏ နေထိုင်မှုအဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်နှင့် ဆေးရုံဆေးပဒေသာပင်တို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား တိုင်းရင်းသား တိုင်းရင်းသူများက နာဂရိုးရာစောင်များကို ဂါရဝပြုပေးအပ်ကြပြီး ကျောင်းဆောင်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆွမ္မရာစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေရှီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တိုးချဲ့တည်ဆောက်

ဒုတိယသမ္မတသည် လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် မြေနေရာကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းစာကြည့်တိုက်နှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ အခြေခံပညာအထက်တန်းအောင်ချက်ကောင်းမွန်ရေး၊ အခြေခံပညာရပ်များကို ထိထိရောက်ရောက် သင်ကြားရေးကိစ္စရပ်များကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများက ကြိုဆိုကြသည်။

ဒုတိယသမ္မတက ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား သိရှိလိုသည်များမေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လေရှီးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ရောက်ရှိလာကြသော လဟယ်၊ နန်းယွန်း၊ လေရှီးဒေသခံ နာဂတိုင်းရင်းသားအကြီးအကဲများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လေရှီးမြို့နယ် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်စီမံကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက လယ်ယာမြေစာရင်းဇယားများ မှန်ကန်မှုရှိအောင် ဆောင်ရွက်မှု၊ စပါးနှင့်အခြားသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းတိုးရေး၊ နှစ်ရှည်သီးနှံပင်တိုးချဲ့စိုက်ပျိုးရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်သွားမည့် အစီအမံများနှင့် လေရှီးဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး... လှကားထစ်တောင်ယာများဖော်ထုတ်ရေး၊ စီးပွားဖြစ်လက်ဖက်၊ လိမ္မော်၊ ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင် (Cadamom) စိုက်ပျိုးရေးနှင့် ရော်ဘာစမ်းသပ်စိုက်ပျိုးရေး၊ နွားနောက်၊ ဆိတ်တိုးချဲ့မွေးမြူရေး၊ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကိစ္စရပ်ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လေရှီးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လေရှီးမြို့နယ်၏ လယ်ယာကဏ္ဍအတွက် ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့် လေရှီးမြို့နယ်၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များအရ စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

သိရှိခံစား

ယင်းနောက် ဒုတိယသမ္မတက မိမိတို့အဖွဲ့သည် ခန္တီးခရိုင်နှင့်နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးမှုများကိုဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဤဒေသတွင် အချိန်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့သဖြင့် နာဂဒေသ နယ်မြေအနှံ့သို့ရောက်ရှိခဲ့ပြီး ဒေသခံများ၏ အခက်အခဲများကို ဒေသခံများကဲ့သို့ နားလည်သိရှိခံစားရပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နယ်မြေအကျယ်အဝန်းနှင့် မှီတင်းနေထိုင်သည့် လူဦးရေအချိုးကိုကြည့်ပါက နေထိုင်သူလူဦးရေအချိုးက နည်းပါးနေသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသဖြစ်သည့် နာဂဒေသ၏ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်ရေးကို ထိထိရောက်ရောက်၊ နီးနီးကပ်ကပ်ဆောင်ရွက်နိုင်စေရန် ဆွမ္မရာကျေးရွာကို မြို့နယ်ခွဲအဆင့်တိုးမြှင့်ပေးရန် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤကဲ့သို့ အဆင့်တိုးမြှင့်သတ်မှတ်လိုက်ပါက ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် ကွပ်ကဲမှုပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများလည်း ပိုမိုထိရောက်စွာဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖများ၊ တာဝန်ရှိသူများ တင်ပြကြသည့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးများအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သိန်း ၁၀၀၀ နှင့် လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၄၀၀၀ တို့ကို နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် လှူဒါန်းခဲ့ပါကြောင်း။

အဆိုပါ အလှူငွေကျပ် သိန်း ၅၀၀၀ အနက် ငွေကျပ်သိန်း ၂၀၀၀ ကို အဓိက ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများအတွက်လည်းကောင်း၊ ငွေကျပ်သိန်း ၃၀၀၀ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများအတွက်လည်းကောင်း၊ အရင်းမပျောက် ရန်ပုံငွေများအဖြစ် စနစ်တကျ သုံးစွဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ခရီးစဉ်အတွင်း ဆေးရုံငွေပဒေသာပင်များ၊ ဒေသဝန်ထမ်းများ၏ လိုအပ်ချက်များအတွက် စီစဉ်ပံ့ပိုးထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊ လယ်ယာဖော်ထုတ်ရေးကိစ္စများအတွက်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ပုံငွေများထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဒေသသို့ ပံ့ပိုးပေးခဲ့သော မတည်ရန်ပုံငွေကျပ် သိန်း ၅၀၀၀ ကို ရေရှည်ဆောင်ရွက်ရန် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများတွင် အဓိကအားဖြင့် ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားခြင်း၊ ပညာထူးချွန်သော်လည်း အဆင့်မြင့်ပညာသင်ယူရန် အခက်အခဲရှိသူများအား ထောက်ပံ့ပေးခြင်း စသည့် လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးသွားရန်နှင့် အဆိုပါရန်ပုံငွေကိုလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ရပ်မိရပ်ဖတို့ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဒေသဦးစီးအဖွဲ့အနေဖြင့် ရန်ပုံငွေထိန်းသိမ်းမှုစနစ်တကျရှိရေး၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများနှင့်အညီ ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိအောင် ထိန်းကျောင်းပေးရန်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ယင်းရန်ပုံငွေမှ ချေးငွေထုတ်ပေးရာတွင်လည်း ချေးငှားသူ သက်သာမှုရှိစေရန်အတွက် ငွေနှစ်ကျပ်တိုးထက် မများရန်လိုကြောင်း၊ ရရှိသည့် အတိုးအညွန့်၏ ၅၀ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပံ့ပိုးပေးသွားရန် ဖြစ်ပါကြောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ရန်ပုံငွေတိုးပွားအောင် ထည့်သွင်းသွားရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းများထိထိရောက်ရောက်နှင့် အကျိုးရှိစေရေးအတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

❖ ကျော်ဖုံးမှ

တစ်ခုအကြား အလှမ်းကွာဝေးပြီး အုပ်ချုပ်ရေးယန္တရား လက်လှမ်းမမီပါက လစ်ဟာမှုများရှိလာနိုင်သဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ ဒေသအုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ခွဲများကိုဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ထို့ပြင် မြို့နယ်ခွဲများကို အခြေပြု၍ ပတ်ဝန်းကျင်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နယ်မြေကို တိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဗလာစာအုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ဆိုလာမီးအိမ်များ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌက ဆေးရုံဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖ တိုင်းရင်းသားများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မိုင်ပိုင်းလွတ်မြို့နယ်ခွဲမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဟုမ္မလင်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ ပြည်သူများက ဟုမ္မလင်းလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ မြို့နယ်အားကစားခန်းမ၌ကျင်းပသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြသည်။

ရှေးဦးစွာ ဟုမ္မလင်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်စီမံကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေနှင့် မြို့မိမြို့ဖ ဦးမြသန်းထွန်းတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်... တို့ မိုင်ပိုင်းလွတ်မြို့နယ်ခွဲရှိ ဒေသခံတိုင်းရင်း... အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဒေသလိုအပ်ချက်

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဒေသ၏ လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာရေးဆောင်ရွက်မှု၊ မြေပဲပန်းတိုင်အထွက်နှုန်းရရှိမှု၊ ဒေသတွင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်လာရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေမှုနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဟုမ္မလင်းမြို့နယ်၏ ရာသီဥတုမှာ မျှတမှုရှိပြီး မြေဆီလွှာကောင်းမွန်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးမည့် အခြေအနေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ယခုထက်ပိုပိုပြင်ပြင် တိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ ဒေသစီးပွားဖြစ်ထွန်းနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ကြိုးပမ်း

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဟုမ္မလင်းမြို့နယ်မှာ လူဦးရေအချိုးအစားနှင့် ကြည့်ပါက လုံလောက်မျှတမှုရှိကြောင်း၊ ဒေသ၏ ဝမ်းစာအနေဖြင့် ဖူလုံမှုရှိသော်လည်း အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင် အထွက်နှုန်း တိုးရေးကို ဆက်လက် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဟုမ္မလင်းဒေသမှာ မြေသယံဇာတများစွာရှိနေသည့်အပြင် ရာသီဥတုမှာလည်း ရော်ဘာဖြစ်ထွန်းနိုင်သဖြင့် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးသွားရန် တိုက်တွန်းပါကြောင်း၊ ရော်ဘာမှာ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနွဲ့တို့ မိုပိုင်းလွှတ်မြို့နယ်ခွဲရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေနှင့် မြို့မိမြို့ဖ ဦးမြသန်းထွန်းတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒေသလိုအပ်ချက်

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဒေသ၏ လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာရေးဆောင်ရွက်မှု၊ မြေပဲပန်းတိုင်အထွက်နှုန်းရရှိမှု၊ ဒေသတွင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်လာရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေမှုနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဟုမ္မလင်းမြို့နယ်၏ ရာသီဥတုမှာ မျှတမှုရှိပြီး မြေဆီလွှာကောင်းမွန်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးမည့် အခြေအနေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ယခုထက်ပိုပိုပြင်ပြင်တိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ ဒေသစီးပွားဖြစ်ထွန်းနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ကြိုးပမ်း

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဟုမ္မလင်းမြို့နယ်မှာ လူဦးရေအချိုးအစားနှင့် ကြည့်ပါက လုံလောက်မျှတမှုရှိကြောင်း၊ ဒေသ၏ ဝမ်းစာအနေဖြင့် ဖူလုံမှုရှိသော်လည်း အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင် အထွက်နှုန်း တိုးရေးကို ဆက်လက် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဟုမ္မလင်းဒေသမှာ မြေသယံဇာတများစွာရှိနေသည့်အပြင် ရာသီဥတုမှာလည်း ရော်ဘာဖြစ်ထွန်းနိုင်သဖြင့် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးသွားရန် တိုက်တွန်းပါကြောင်း၊ ရော်ဘာမှာ ယနေ့ဈေးကွက်ရှိသည့် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ကြောင်း၊ ထို့ပြင် ရော်ဘာကုန်ထုတ်စက်ရုံများ တည်ထောင်နိုင်သည့်အဆင့် ရောက်ရှိပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

အထူးအလေးထား

ဤဒေသတွင် သစ်ထုတ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ မြစ်ကြောင်းများတိမ်ကောမှု၊ ပျက်စီးမှုမရှိအောင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီး ယိုယွင်းမှုမရှိစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ကျောင်းများကို တိုးချဲ့ဆောင်ရွက်ရာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ အဝန်းအဝိုင်းတစ်ခုအဖြစ် ဝန်းရံဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ စသည့် စုဖွဲ့မှုကိုလည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ညှိနှိုင်းဆောင်ရွက်

ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့မိမြို့ဖများတင်ပြသည့် ဟုမ္မလင်း-နောင်ပိုအောင်-နမ့်တောလမ်းဖောက်လုပ်ရေးအတွက် ရန်ပုံငွေရရှိရေး၊ မီးသတ်ယာဉ်တစ်စီးရရှိရေး၊ နေ့ကလေးထိန်းကျောင်းရရှိရေး တင်ပြချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာသုံးရပ်ကို ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ ကျောင်းနေအရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့် ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သောပြုပြင်မှု၊ ပံ့ပိုးပေးနေမှု အခြေအနေများနှင့် နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ကြသည့် မိုပိုင်းလွှတ်မြို့နယ်ခွဲရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ဟုမ္မလင်းမြို့နယ်အတွက် ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖ ဦးထွန်းရွှေက လက်ခံသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟုမ္မလင်းမြို့ ကမ်းနားလမ်းနှင့် မြို့ပြစည်ပင်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံအတွင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီးရုံးခန်း၌ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံအတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကိုလည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌနှင့် အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌတို့က လုပ်ငန်းရှင်များကိုယ်စား ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ် သိန်း ၅၀ နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံငါးရုံအတွက် ဆေးရုံတစ်ရုံလျှင် ငွေကျပ် သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဟုမ္မလင်းလူငယ်ဘင်ခရာတီးဝိုင်းတို့က ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ဒုတိယသမ္မတသည် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စာပေသင်ကြားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျောင်းဆောင်များ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဟုမ္မလင်းမြို့ပေါ်တွင် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းသာရှိပြီး ကျောင်းသားဦးရေ များပြားသဖြင့် အထက်တန်းကျောင်း တစ်ကျောင်း ထပ်မံတည်ဆောက်နိုင်ရန်အတွက် မြေနေရာရွေးချယ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးလေဆိပ်တွင် ကြိုဆိုကြသည်။ **(သတင်းစဉ်)**

ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဂျပန်-မြန်မာ ချစ်ကြည်ရေးကိုရှေးရှု၍ 3rd Japan Cup Karatedo Championship ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသမီး အမျိုးသား အငယ်တန်း 'ခတ' ပြိုင်ပွဲနှင့် World Karate Federation (WKF) မှ သတ်မှတ်ပြဋ္ဌာန်းထားသော အမျိုးသမီး တစ်ဦးချင်း 'ခတ'၊ အသင်းလိုက် 'ခတ'၊ တစ်ဦးချင်း 'ကုမိတဲ့' ၅၀ ကီလိုနှင့်အောက်၊ ၅၅ ကီလိုနှင့်အောက်၊ ၆၁ ကီလိုနှင့်အောက်၊ ၆၈ ကီလိုနှင့်အောက်၊ ၆၈ ကီလိုအထက်ပြိုင်ပွဲများနှင့် အသင်းလိုက် 'ကုမိတဲ့' ပြိုင်ပွဲများ၊ အမျိုးသားတစ်ဦးချင်း 'ခတ'၊ အသင်းလိုက် 'ခတ' တစ်ဦးချင်း 'ကုမိတဲ့' ၅၅ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၇ ကီလိုနှင့်အောက်၊ ၇၅ ကီလိုနှင့်အောက်၊ ၈၄ ကီလိုနှင့်အောက်၊ ၈၄ ကီလိုအထက်ပြိုင်ပွဲများနှင့် အသင်းလိုက် 'ကုမိတဲ့' ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

3rd Japan Cup Karatedo Championship ကရာတေးဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း) သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၃၇၉၉၃၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ဂျပန်နိုင်ငံဖောင်ဒေးရှင်းများမှ အမှုဆောင်ဒါရိုက်တာများ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ မစ္စတာဆီ့ချီအိုနိုနှင့် ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ မစ္စတာ ဂျန်ကိုချာနိုတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်တို့ တက်ရောက်ကြပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၆) ရပ်ကွက်၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲတွင် ပထမဆုဖလား ရရှိသွားသော မြတ်သုခ အသင်းအား ရပ်ကွက်ပြည်သူများနှင့်အတူ တွေ့ရစဉ်။ (ဝ၄၈)

ကျန်းမာရေးသုတ

လူသိနည်း ကုသရန်ခက်ခဲသည့် ပန်ကရိယကင်ဆာ

ဆွီဒင် ဇန်နဝါရီ ၁၇

တာရှည်အထားခံသည့် အစာသွတ်အသားအူကြောင်းများနှင့် မကျက်တကျက်အသားကင်များအား စားသုံးခြင်းကြောင့် ပန်ကရိယကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း ဆွီဒင်နိုင်ငံရှိ ဆေးပညာရှင်များက ရှာဖွေဖော်ထုတ်ခဲ့ကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇန်နဝါရီ ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အတည်ပြုပြောကြား

လူတိုင်းသည် နေ့စဉ် ၅၀ ဂရမ်နှင့်အထက်ရှိသော အသားကင်များနှင့် အသားအူကြောင်းများအား နေ့စဉ်စားသုံးပါက ပန်ကရိယကင်ဆာဖြစ်နိုင်သည့် အခြေအနေမှာ ၁၉ ရာခိုင်နှုန်းရှိပြီး အမျိုးသားများ၌ အဆိုပါကင်ဆာဖြစ်နိုင်နှုန်းမှာ ၇၇ ဦးလျှင် တစ်ဦးနှင့် အမျိုးသမီး ၇၉ ဦးတွင် တစ်ဦးဖြစ်ပွားနိုင်ကြောင်း၊ လူနာပေါင်း ၆၆၄၃ ဦးနှင့် သုတေသနပြုလုပ်ချက်များအပေါ် အခြေပြုကာ အင်္ဂလန်နိုင်ငံရှိ ကင်ဆာသုတေသနဌာနချုပ်က ထပ်လောင်းအတည်ပြု ပြောကြားလိုက်ကြောင်း အထက်ပါသတင်းဌာနက ရေးသားထားသည်။

အသားကင်များအား လွန်စွာစားသုံးခြင်းကြောင့် ပန်ကရိယကင်ဆာအပြင် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာများပါဖြစ်ပွားနိုင်ကြောင်း သိရသည်။ ပန်ကရိယကင်ဆာသည် လူသိနည်းသော ကင်ဆာရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့် ရောဂါဆိုးတစ်ခုဖြစ်ခြင်း၊ ကြိုတင်သိရှိနိုင်သည့် ရောဂါလက္ခဏာများမှာ သာမန်ရောဂါငယ်များနှင့်ဆင်တူခြင်းကြောင့် သိရှိနိုင်ရန်ခက်ခဲပြီး အချိန်လွန်မှသာ သိရှိတတ်ခြင်းကြောင့် ဂရုပြုသင့်ကြောင်း အဆိုပါသတင်းက ဖော်ပြထားသည်။ ပန်ကရိယကင်ဆာ၏ ရောဂါလက္ခဏာများမှာ ခန္ဓာကိုယ်အလေးချိန် ကျဆင်းလာခြင်း၊ ဝမ်းဗိုက်အောက်ပိုင်းတစ်ဝိုက် မကြာခဏနာကျင်ခြင်း၊ အသားဝါခြင်း၊ ကိုယ်ခံအားနည်းလာခြင်း၊ ပို့အန်ခြင်း၊ အကြောတက်ခြင်း၊ အသားအရေများ ခန်းခြောက်လာခြင်း၊ မကြာခဏ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဖျားနာခြင်းများ ခံစားရပါက အမြန်ဆုံးပြသ စစ်ဆေးသင့်ကြောင်း အဆိုပါသတင်းက ဖော်ပြထားသည်။ *(ခင်ရတနာ)*

သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ဇန်နဝါရီ ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

GSM အဟောင်းသုံးစွဲသူများ နိုင်ငံခြားခေါ်ဆိုနိုင်ရန် ကြိုတင်ဖွင့်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

ငွေကျပ် ၁၅ သိန်းတန် GSM အဟောင်းသုံးစွဲသူများမှ နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုရမှု များပြားသူများအတွက် အွန်လိုင်းမှ ဘေလ်ဆောင်သည့်စနစ်သည် ပိုမိုကောင်းမွန်မှုရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက မြန်မာ့အလင်းသို့ ပြောကြားသည်။

“အခု ဂျီအက်စ်အမ်အဟောင်းတွေကို မက်ဆေ့ချ်လှမ်းပို့ထားတယ်လေ။ အရင်လို ဘေလ်စနစ်ကတော့ လုံးဝပြီးဆုံးသွားတော့မှာပါ။ အွန်လိုင်းကနေ ဘေလ်ဆောင်ချင်ရင်ဆောင်၊ ဒါမှမဟုတ်ရင် ကတ်တွေဝယ်သုံးပေါ့။ အဲဒီနေရာမှာ ပြည်တွင်းမှာ သုံးမယ်ဆိုရင်တော့ ကိုယ်သုံးတာနဲ့မူတည်ပြီး မြန်မာငွေကျပ် တစ်သောင်းတန်၊ သုံးသောင်းတန်စသည်ဖြင့် ထည့်ထားနိုင်သော်လည်းပဲ နိုင်ငံခြားကို ဖုန်းခေါ်မယ်ဆိုရင် ခက်မယ်။ အက်ဖ်အီးစီနဲ့က ၂၀ တန်၊ ၁၀ တန်စသည်ဖြင့် ထုတ်ထားတဲ့ ကတ်တွေတော့ ရှိတယ်။ ဒါပေမယ့် မတော်လို့ ကိုယ်ပြောနေရင်းနဲ့ ဖုန်းဘေလ်က ပြတ်သွားရင် လိုင်းကျသွားနိုင်ပါတယ်။ အကောင်းဆုံးကတော့ နိုင်ငံခြားကို အခေါ်များတဲ့ ဖုန်းပိုင်ရှင်တွေအနေနဲ့ အွန်လိုင်းကနေ ဘေလ်ကို ပေးချေထားမယ်ဆိုရင် ဆက်ရတာပိုအဆင်ပြေနိုင်တယ်” ဟု တာဝန်ရှိသူက ရှင်းပြသည်။

ကြိုတင်ထည့်ထားနိုင်

မြန်မာငွေကျပ်ဖြင့် ငွေဖြည့်ကတ်သုံးစွဲသော်လည်း နိုင်ငံရပ်ခြားကို ခေါ်ဆိုမှုအတွက် မြန်မာ့ဆက်သွယ်ရေးကို ဆက်သွယ်၍ ကိုယ်သုံးစွဲမည့် ပမာဏနိုင်ငံခြားငွေကိုလည်း ကြိုတင်ထည့်ထားနိုင်ကြောင်း သိရှိရသည်။

“အရင်က နိုင်ငံခြားကို ဖုန်းခေါ်ချင်လို့ မက်ဆေ့ချ်အရင်ပို့လိုက်ရင် ကိုယ်ခေါ်ချင်သလောက် ခေါ်လို့ရပြီလေ။ အခုတော့ ကတ်ပဲသုံးရမယ်ဆိုရင် ကတ်ကအပြင်မှာလည်း ဆိုင်တိုင်းမှာ တစ်သောင်း၊ သုံးသောင်းကတ်တွေလို လိုသလောက်မရနိုင်တဲ့အတွက် ခက်ခဲတယ်။ နောက်ပြီး မြန်မာငွေနဲ့ တွက်ပြီးဝယ်ရတဲ့အတွက် ဈေးနှုန်းကလည်း ပေါက်ဈေးအတိုင်းထက် အနည်းငယ်ပိုရောင်းကြတယ်။ ဒါပေမယ့် မြန်မာပြည်တွင်းသုံး ဖုန်းဘေလ်အတွက်ကျတော့ ကတ်စနစ်က ပိုကောင်းတော့ ဘယ်လိုလုပ်ရမလဲမသိသေးဘူး” ဟု ပြည်ပနိုင်ငံများသို့ နေ့စဉ်ဖုန်းခေါ်ဆိုရန်လိုအပ်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် မတ်လမှစတင်ကာ မိုဘိုင်းလ်ဖုန်းများအားလုံး ဖုန်းဘေလ်ပေးဆောင်မှုကို အွန်လိုင်းစနစ်ဖြင့် အစားထိုးသုံးစွဲသွားမည်ဖြစ်ကြောင်း အွန်လိုင်းမှ မပေးဆောင်လိုသူများအားလုံး တော့ပ်အပ် (ငွေဖြည့်ကတ်)များဖြင့် အသုံးပြုကြရမည်ဖြစ်သည်။ (၁၅၀)

ဇန်နဝါရီ ၈ ရက်က အင်္ဂပူမြို့နယ် ညောင်ကျိုး အထက မြတ်ဆရာပူဇော်ပွဲအား ဂုဏ်ပြုသည့် စာပေဟောပြောပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ် (ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ချစ်ခြင်းမေတ္တာဖြင့် ကျန်းမာခြင်းလက်ဆောင် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ် ရှာင်မြို့နယ် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူများသို့ ကျေးရွာပိုင် ထင်းစိုက်ခင်းမှ ထင်းများဝေငှပေးအပ်ပွဲကို ဇန်နဝါရီ ၂ ရက်က မြို့ကြီးကျေးရွာရှိ သစ်တောစိုက်ခင်း၌ကျင်းပရာ ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းဇော်က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများထံ ထင်းများ ဝေငှပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့၌ ပန်းတော်ဆက်ပွဲတော်ကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၇

ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ယိုးဒယားကုန်းတောင်ပေါ်၌ တည်ရှိသော ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီမင်းလေးပါး ပန်းတော်ဆက်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှစ၍ သုံးရက်တိုင်တိုင် ကျင်းပခဲ့ရာ အမြို့မြို့အနယ်နယ်မှ ပန်းတော်ဆက်သသူများဖြင့် စည်ကားလှသည်။

ပန်းတော်ဆက်

အဆိုပါပန်းတော်ဆက်ပွဲမှာ ပုသိမ်မြို့တစ်မြို့တည်းသာ ကျင်းပသောပွဲဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၂၂ ခုနှစ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက် စစ်သုံ့ပန်းများကို ယခုပုသိမ်မြို့ ယိုးဒယားကုန်းဟု အမည်တွင်ရှိသော တောင်ကုန်း၌ နေထိုင်ခွင့်ပြုထားသည်။ ၎င်းတို့ ရိုးရာဓလေ့ထုံးတမ်းအရ ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီ မင်းလေးပါးတို့ စံရာကျောင်းတော်၌ နှစ်စဉ် ပြာသိုလရောက်ရှိတိုင်း နှင်းဆီ၊ ဒေါနဲ၊ သဇင်ပန်းမြတ်တော်ဝင်များနှင့် အမွှေးနံ့သာ၊ချိုချဉ်၊ သစ်သီးများစုံလင်စွာဖြင့် ပန်းတော်ဆက်ကြသည်။

ထိုအချိန်မှအစပြု၍ နှစ်စဉ်မပျက် ပုသိမ်မြို့၌ ကျင်းပလာခဲ့သည်မှာ (၂၅၁) နှစ်မြောက်ရှိပြီဖြစ်ကြောင်း၊ ပွဲတော်အစတွင် ရာမဇာတ်တော်ကြီးကို နေ့ခင်းပွဲကပြရကြောင်း၊ ပန်းတော်ဆက်သသူတို့မှာ ချစ်ကြင်သူတို့ မခွဲမခွာ ပေါင်းသင်းရကြောင်း၊ ဥစ္စာစီးပွားတိုးပွားစေကြောင်း၊ မီးဘေးအန္တရာယ်ကင်းဝေးစေကြောင်း ယုံကြည်ကြသည်ဟု ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဝင်း၊ အတွင်းရေးမှူး ဦးကျော်စွာမြင့်တို့က ပြောကြားသည်။ (၀၇၇)

စက်သုံးဆီ ရောင်းဈေးနှုန်းများ

၁၇-၁-၂၀၁၂ (အင်္ဂါနေ့)

Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/IG ကျပ်/ဂါလန် (1 USD=830 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၃·၅၀ ၂၉၀၅·၀၀	၃·၇၉ ၃၁၄၅·၇၀

အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ (အမေရိကန်ဒေါ်လာ/ဂါလန်) နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅·၇၂	၅·၅၀
ထိုင်း	၄·၉၉	၄·၁၃
အိန္ဒိယ	၅·၅၉	၃·၄၈
တရုတ်	၄·၄၆	၄·၇၈
ဘင်္ဂလားဒေ့ရှ်	၄·၈၃	၃·၂၄
လာအို	၆·၃၁	၅·၃၀
စင်ကာပူ	၇·၂၆	၅·၇၂
အင်ဒိုနီးရှား	၃·၅၃	၄·၃၂
ဖိလစ်ပိုင်	၅·၄၅	၅·၀၈
ဘရူနိုင်း	၁·၇၈	၁·၀၈
ကိုရီးယား	၇·၆၂	၇·၀၃

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်)	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92 Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
ဒေသများ	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၄၀၀၀	၃၈၀၀	၃၇၀၀	၃၆၀၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၆၀၀	၃၆၅၀	၃၇၀၀	၃၅၀၀	၃၃၀၀
မန္တလေး	၃၅၀၀	၄၂၀၀	၄၁၀၀	၄၁၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၈၀၀	၃၇၀၀	၃၅၀၀	၃၆၀၀	၃၃၅၀
ပဲခူး	၃၄၀၀	၃၆၀၀	၃၆၅၀	၃၆၅၀	၃၅၀၀	၃၅၀၀
ပြည်	၃၄၅၀	၄၀၀၀	၃၈၀၀	၃၈၀၀	၃၆၅၀	၃၄၀၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၅၀၀	၄၃၀၀	၃၈၀၀	၄၀၀၀	၃၄၀၀
တောင်ကြီး	၃၆၀၀	၄၈၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၄၀၀	၃၉၀၀	၃၅၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၁၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၆၀၀	၃၉၀၀	၃၄၀၀	၃၅၀၀	၃၄၀၀
လှိုင်ကော်	၃၇၀၀	၄၅၀၀	၄၀၀၀	၄၀၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၁၀၀	၃၅၀၀	၃၄၀၀
မြိတ်	၃၆၀၀	၃၀၀၀	-	၃၀၀၀	-	၃၀၀၀
စစ်တွေ	၃၆၅၀	၄၈၀၀	၅၀၀၀	-	၃၆၀၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၄၀၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၆၀၀	၄၇၀၀	၄၀၀၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီ ပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဆွမ္မရာ စံပြကျေးရွာရှိ ဒေသခံ နာဂတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

နာဂဒေသ၏ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်ရေး ထိရောက်စွာဆောင်ရွက် မတည်ငွေကျပ် သိန်း(၅၀၀၀)ကို အရင်းမပျောက် ရန်ပုံငွေများအဖြစ် စနစ်တကျသုံးစွဲ လုပ်ငန်းများ ထိထိရောက်ရောက်နှင့်အကျိုးရှိစေရေး ညီညီညွတ်ညွတ်ဝိုင်းဝန်းဖော်ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေရှီးမြို့၏ အနောက်ဘက်ခြမ်းဒေသရှိ လှေကားထစ်တောင်ယာစိုက်ပျိုးရေး၊ လမ်းပန်းအခြေအနေ၊ သစ်တောအခြေအနေများအား ရဟတ်ယာဉ်ပေါ်မှ လမ်းတစ်လျှောက်ကြည့်ရှုကာ ဆွမ္မရာစံပြကျေးရွာသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ နာဂတိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယသမ္မတသည် ဆွမ္မရာအခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းပြီး ကျောင်းဆောင်သစ်တိုးချဲ့ရေးနှင့် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆွမ္မရာစံပြကျေးရွာတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား တွေ့ဆုံ၍ *စာမျက်နှာ ၈ ကော်လံ ၁* ✻

အဓိကသီးနှံ (၁၀)မျိုး ပန်းတိုင်အထွက်နှုန်းတိုးရေး ဆက်လက်ကြိုးပမ်း ယနေ့ဈေးကွက်ရှိသည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုး သစ်ထုတ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းများလုပ်ကိုင်ရာ၌ ပတ်ဝန်းကျင်ပျက်စီးမှုမရှိရန်ဆောင်ရွက်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဟုမ္မလင်းမြို့ မြို့နယ်အားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မိုပိုင်းလွတ်မြို့နယ်ခွဲသို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသား ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြို့နယ်ခွဲခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုပိုင်းလွတ်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက မြို့နယ်ခွဲ၏ ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်စီမံကိန်းစွရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်က မြို့နယ်ခွဲများကို မြို့နယ်တစ်ခုနှင့် *စာမျက်နှာ ၈ ကော်လံ ၅* ❖